**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**နေပြည်တော်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်- မောင်းတော
အဝေးပြေးလမ်းမတလျှောက်တွင် တံတား (၂၂) စင်း အဆင့်မြှင့်တင်တည်ဆောက်မည့်
စီမံကိန်းအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)၏

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

**(Environmental Compliance Certificate–ECC)**

ရက်စွဲ။ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်
## (Environmental Compliance Certificate – ECC)

သက်သေခံလက်မှတ်အမှတ်။ ECC( ၁၁၀ ) ရက်စွဲ ။ ၂၀၂၃ ခုနှစ် မတ်လ ၃၁ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/ ၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန<br>ရုံးအမှတ်(၁၁)၊ နေပြည်တော်။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - တံတားတည်ဆောက်ခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်အရအဖွဲ့အစည်းကခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - (၅)ပေ တံတား (၁၂)စင်း၊ (၁၀)ပေ တံတား (၆) စင်း၊ (၁၅)ပေ တံတား (၂)စင်း၊ (၄၀)ပေ တံတား (၁)စင်းနှင့် (၁၂၀)ပေ တံတား (၁)စင်း စုစုပေါင်း တံတား (၂၂) စင်း အဆင့်မြှင့်တင်တည်ဆောက်ခြင်း |
| (စ) | **စီမံကိန်းတည်နေရာ** | - ရခိုင်ပြည်နယ်၊ ဘူးသီးတောင် - မောင်းတော အဝေးပြေး လမ်းမတလျှောက် |
| (ဆ) | **ECC သက်တမ်း** | - (၅)နှစ်<br>စတင်ထုတ်ပေးရက် - ၁၈-၈-၂၀၂၂<br>သက်တမ်းကုန်ဆုံးရက် - ၁၇-၈-၂၀၂၇ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၏ ၁၈-၈-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ တံတား/ ညွှန်ချုပ်/၂၀၂၀-၂၀၂၁/၀၉၇၀(က) |

**စည်းကမ်းချက်များသတ်မှတ်ခြင်း**

၂။ အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ရရှိနိုင်ရေးအတွက် ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားခြင်းဖြစ်ပါသည်-

(က) ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံးဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ခ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဂ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေး ဖြစ်စေရေးအတွက် စံချိန်စံညွှန်းများ နှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(ဃ) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(င) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်။

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နောက်ဆက်တွဲ (က)

**ရခိုင်ပြည်နယ်၊ ဘူးသီးတောင်- မောင်းတော အဝေးပြေးလမ်းမတလျှောက်တွင် တံတား (၂၂) စင်း အဆင့်မြှင့်တင်တည်ဆောက်မည့် စီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနက ရခိုင်ပြည်နယ်၊ ဘူးသီးတောင်- မောင်းတော အဝေးပြေးလမ်းမ တလျှောက်တွင် တံတား (၂၂) စင်း အဆင့်မြှင့်တင်တည်ဆောက်မည့် စီမံကိန်း အတွက် ၁၈-၈-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ တံတား/ညွှန်ချုပ်/၂၀၂၀-၂၀၂၁/၀၉၇၀(က) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။


၂။ **စီမံကိန်းအဆိုပြုသူ။** ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော် ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းသည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် - မောင်းတော အဝေးပြေးလမ်းမ တလျှောက်တွင် တံတား(၂၂)စင်း တည်ဆောက်မည့် စီမံကိန်းဖြစ်ပြီး JICA ODA Loan ဖြင့် ဆောင်ရွက်မည် ဖြစ်ပါသည်။ စီမံကိန်းတွင် (၅) ပေတံတား (၁၂) စင်း၊ (၁၀) ပေ တံတား (၆) စင်း၊ (၁၅) ပေတံတား (၂) စင်း၊ (၄၀) ပေတံတား (၁) စင်းနှင့် (၁၂၀) ပေ တံတား (၁) စင်း စုစုပေါင်း တံတား (၂၂) စင်း ကို တည်ဆောက်မည်ဖြစ်ပါသည်။ စီမံကိန်းတွင် တံတား (၁၇) စင်းမှာ ဘူးသီးတောင်နယ်မြေတွင်ပါဝင်ပြီး တံတား (၅) စင်းမှာ မောင်းတောနယ်ထဲတွင် ပါဝင်ပါသည်။ တံတား (၂၀) စင်းကို Box Culvert များဖြင့် တည်ဆောက်မည်ဖြစ်ပြီး ပေ (၄၀) တံတား နှင့်ပေ (၁၂၀) တံတားအား ဒီဇိုင်းမသတ်မှတ်ရသေးကြောင်း ဖော်ပြထားပါသည်။ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများ အတွက် ကုန်ကျစရိတ်အပါအဝင် တံတား (၂၂) စင်း တည်ဆောက်ရေး စီမံကိန်းအတွက် မြန်မာကျပ်ငွေသန်းပေါင်း (၉၈၂) ကျပ်ခန့် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** တံတားတည်ဆောက်ရာတွင် မြေတူးစက်၊ ဒလိမ့်တုံး၊ ကုန်တင်ကုန်ချစက်၊ ရေကား၊ ဝန်ချီစက်၊ နောက်ဘက်မှ ကုန်ချရန် သတိပေးသည့် ယာဉ်၊ ကုန်တင်ကုန်ကားနှင့် ကုန်ကြမ်းပစ္စည်းများအနေဖြင့် အင်္ဂတေ၊ အထောက်အကူပြုတိုင်၊ သဲနှင့် ကျောက်စရစ်တို့ကို အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** ရခိုင်ပြည်နယ်၊ ဘူးသီးတောင်-မောင်းတော အဝေးပြေးလမ်းမ တလျှောက်တွင် တည်ရှိပါသည်။

## ရခိုင်ပြည်နယ်၊ ဘူးသီးတောင်- မောင်းတော အဝေးပြေးလမ်းမ တလျှောက်တွင် တံတား (၂၂) စင်း အဆင့်မြှင့်တည်ဆောက်မည့် စီမံကိန်း၏ တည်နေရာပြမြေပုံ




၃

နောက်ဆက်တွဲ (ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းချက်များ

### ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

၆။ စီမံကိန်းအဆိုပြုသူက ၁၈-၈-၂၀၂၁ ရက်စွဲပါ စာအမှတ်၊ တံတား/ညွှန်ချုပ်/၂၀၂၀-၂၀၂၁/ ၀၉၇၀(က) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းသည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် - မောင်းတော အဝေးပြေးလမ်းမ တလျှောက်တွင် တံတား (၂၂) စင်း တည်ဆောက်မည့် စီမံကိန်းဖြစ်ပြီး JICA ODA Loan ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံကိန်းတွင် (၅) ပေတံတား (၁၂) စင်း၊ (၁၀) ပေ တံတား (၆) စင်း၊ (၁၅) ပေတံတား (၂) စင်း၊ (၄၀) ပေတံတား (၁) စင်းနှင့် (၁၂၀) ပေ တံတား (၁) စင်း စုစုပေါင်း တံတား (၂၂) စင်းကို တည်ဆောက်မည်ဖြစ်ပါသည်။ စီမံကိန်းတွင် တံတား (၁၇) စင်းမှာ ဘူးသီးတောင်နယ်မြေတွင် ပါဝင်ပြီး တံတား (၅) စင်းမှာ မောင်းတောနယ်တွင် ပါဝင်ပါသည်။ တံတား (၂၀) စင်းကို Box Culvert များဖြင့် တည်ဆောက်မည်ဖြစ်ပြီး ပေ (၄၀) တံတားနှင့်ပေ (၁၂၀) တံတားအား ဒီဇိုင်းမသတ်မှတ်ရသေးကြောင်း ဖော်ပြထားပါသည်။ ပင်မတံတားနှင့် ချဉ်းကပ်လမ်းများအတွက် ကုန်ကျစရိတ်အပါအဝင် တံတား (၂၂) စင်း တည်ဆောက်ရေး စီမံကိန်း အတွက် မြန်မာကျပ်ငွေသန်းပေါင်း (၉၈၂) ကျပ်ခန့် ဖြစ်ကြောင်း၊ တံတားတည်ဆောက်ရာတွင် မြေတူးစက်၊ ဒလိမ့်တုံး၊ ကုန်တင်ကုန်ချစက်၊ ရေကား၊ ဝန်ချီစက်၊ နောက်ဘက်မှ ကုန်ချရန် သတိပေးသည့် ယာဉ်၊ ကုန်တင်ကုန်ကားနှင့် ကုန်ကြမ်းပစ္စည်းများအနေဖြင့် အင်္ဂတေ၊ အထောက်အကူပြုတိုင်၊ သံနှင့် ကျောက်စရစ်တို့ကို အသုံးပြုမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စက်နှင့် စက်ပစ္စည်းများ လည်ပတ်ဆောင်ရွက်ရာတွင် စောင့်ကြည့်စစ်ဆေးရန်၊

(၂) ယာဉ်များမောင်းနှင်မှုမှ အခိုးအငွေ့ထုတ်လွှတ်ခြင်းကို လျှော့ချရန်၊

(၃) ကာလရှည်စွာ အသုံးပြုခြင်းမရှိသော မော်တော်ယာဉ်အသုံးပြုမှုများကို တားမြစ်ရန်၊

(၄) လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် မော်တော်ယာဉ်များအား ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၅) ဆောက်လုပ်ရေးပစ္စည်းများကို သယ်ယူရာတွင် အကာအကွယ်များဖြင့် ဖုံးအုပ်ရန်၊

(၆) တည်ဆောက်ရေးလုပ်ငန်း ဝန်းကျင်တလျှောက် ၂.၅ မီတာ အမြင့်ရှိသော အကာအရံများ စိုက်ထူထားရန်၊

(၇) ကျောက်စရစ်မခင်းထားသောလမ်းများကို တစ်နေ့လျှင် (၃) ကြိမ်ရေဖြန်းရန်၊

(၈) ဖုန်မှုန့်များ ထွက်ရှိမှုမရှိစေရန် သက်ဆိုင်ရာဝန်ထမ်းများကို လိုအပ်သည့် ပညာပေးအစီအစဉ်နှင့် သင်တန်းများပို့ချရန်၊

(၉) သဲများ၊ ဖုန်မှုန့်များနှင့် ကျောက်စရစ်များကို စုပုံရာတွင် တာလပတ်အစများဖြင့် ဖုံးအုပ်ထားရှိရန်၊

(၁၀) အဆောက်အအုံများဖျက်သိမ်းခြင်းမှ စွန့်ပစ်အမှိုက်များကို မီးရှို့ခြင်းအား ရှောင်ကြဉ်ရန်၊

(၁၁) ဖျက်သိမ်းခြင်းလုပ်ငန်းများမဆောင်ရွက်မီ အသိပေးကြေညာသွားရန်။

(ဃ) ရေအရည်အသွေးစီမံခန့်ခွဲမှု။ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေစဉ် မြေသားများ၊ အမှိုက်သရိုက်များနှင့် လုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများကို ရေလမ်းကြောင်းထဲသို့ မကျရောက်စေရေး အတားအဆီးများထားရှိ ဆောင်ရွက်သွားရန်၊

(၂) မော်တော်ယာဉ်များနှင့် လုပ်ငန်းသုံးပစ္စည်းကိရိယာများကို သတ်မှတ်ထားသောနေရာတွင်သာ ဆေးကြောသန့်စင်ရန်၊

(၃) အသုံးပြုပြီးသောရေများကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်စေရန် (သို့မဟုတ်) မြေပေါ်တွင်ရေဖြန်းရာ၌ ပြန်လည်အသုံးပြုနိုင်စေရန်အတွက် သိုလှောင်သိမ်းဆည်းရန်၊

(၄) ယာယီဝန်ထမ်းအိမ်ရာတွင် ထားရှိသည့် ဆောက်လုပ်ရေးလုပ်သားများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများကိုရေသုံးစွဲမှုအနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ရန်၊

(၅) ရေကိုအကျိုးရှိရှိအသုံးပြုစေရန် ပညာပေးအစီအစဉ်များဆောင်ရွက်ထားရန်၊

(၆) အသုံးအဆောင်များကို သန့်သန့်ရှင်းရှင်းထားရှိပြီး လုပ်ငန်းပြီးဆုံးပါက မိလ္လာ သုံးစွန့်ပစ်ရေများကို စနစ်တကျ စွန့်ပစ်စေခြင်းဖြင့် လုပ်ငန်းခွင်နေရာကို သန့်ရှင်းစေရေး ပြုလုပ်ရန်။

(င) **မြစ်ကြောင်းစီးဆင်းမှုစနစ်အပေါ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက် ရမည်-

(၁) တည်ဆောက်ရေးကာလတွင် ရေကြောင်းအား ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ရေကြောင်းနှင့်ဝေးသည့် ကမ်းပါးပေါ်တွင် အုတ်မြစ်ချခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလတွင် ရေစီးဆင်းမှုအနိမ့်ဆုံးနေရာတွင် တည်ဆောက် ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် ရေထဲတွင်အုတ်မြစ်ချရာတွင် ရေစီးဆင်း မှု လမ်းကြောင်းအပေါ် ထိခိုက်မှုနည်းစေမည့်ဒီဇိုင်းပုံစံအားရေးဆွဲ ဆောင်ရွက် ရန်၊

(၃) အုတ်မြစ်ချခြင်းနှင့် ရေလမ်းကြောင်းလွှဲခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ယာယီမြစ်ကြောင်းပြောင်းလဲမှုများ လျှော့ချရန် လုပ်ငန်းဆောင်ရွက်ရာတွင် လျင်မြန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ရန်။

(စ) **မြေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) မြေသားဆိုင်ရာလုပ်ငန်းများနှင့် ဆောက်လုပ်ရေးသုံးပစ္စည်းများသိုလှောင်ခြင်း ကြောင့် အပေါ်ယံမြေဆီလွှာများတိုက်စားခြင်း၊ ပျက်စီးခြင်းနှင့် မြေဆီလွှာ ညစ်ညမ်းခြင်းတို့ကို လျော့နည်းစေရန် ဆောက်လုပ်ရေးပစ္စည်းများကို မြေယာ ရှင်းလင်းထားသော ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန် သတ်မှတ် ထားသောနေရာများတွင် စုပုံထားရှိရန်၊

(၂) ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် မြေပြိုမှုမဖြစ်စေရန် ကြားခံဇုန်နှင့် သစ်ပင်များ စိုက်ပျိုးထားရန်၊

(၃) မြေဆီလွှာတိုက်စားမှုကို ကာကွယ်ရန် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပျက်စီးနေသော မြေပေါ်တွင် ဒေသနှင့်ကိုက်ညီသော အပင်များ ပြန်လည် စိုက်ပျိုးရန်၊

(၄) မြေဆီလွှာသိပ်သည်းခြင်းနှင့် မြေဆီလွှာပျက်စီးမှုကိုလျှော့ချရန်အတွက် ယာဉ် ရပ်နားရန်နေရာများနှင့် မောင်းနှင်ရမည့်နေရာများကို ကန့်သတ်ထားရှိရန်၊

(၅) မြေကြီးတူးဖော်မှုနှင့် မြေသားဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်အင်ဂျင်နီယာမှကြီးကြပ်၍ ဖယ်ရှားထားသော မြေဆီလွှာများကို ပြန်လည်အသုံးပြုရန်အတွက် စနစ်တကျ နေရာချထားရန်၊

(၆) ဆောက်လုပ်ရေးလုပ်ငန်းသုံး စွန့်ပစ်ပစ္စည်းများအား သတ်မှတ်ထားသောနေရာတွင် စနစ်တကျစွန့်ပစ်ဆောင်ရွက်သွားရန်။

(ဆ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆောက်လုပ်ရေးလုပ်ငန်းများကို နေ့ခင်းပိုင်းတွင်သာ လုပ်ကိုင်ရန်၊

(၂) ဆူညံသံများသက်သာစေရန် ဆူညံသံကို အကာအကွယ်ဖြစ်စေသည့် အရာများထားရှိဆောင်ရွက်ရန်၊

(၃) ညဘက်ပိုင်းတွင် ပစ္စည်းများအား အတင်အချ ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန်၊

(၄) Pile လုပ်ငန်းများဆောင်ရွက်ရာတွင် ဆူညံသံထိန်းချုပ်ကာကွယ်၍ ပုံမှန်အလုပ်လုပ်ချိန်တွင်သာ စီစဉ်ဆောင်ရွက်ရန်၊

(၅) တုန်ခါမှုများကိုလက်ခံနိုင်သည့် ပမာဏထက် မကျော်လွန်စေရန် စောင့်ကြပ်ကြည့်ရှု ဆောင်ရွက်ရန်၊

(၆) ယာဉ်များနှင့် စက်ပစ္စည်းလည်ပတ်ရာတွင် ချောမွေ့စေရန်နှင့် ပိုမိုလွန်ကဲသောဆူညံသံများ၊ တုန်ခါမှုများမဖြစ်ပေါ်စေရန် ထိန်းသိမ်းပြုပြင်မှုများ ပုံမှန်ပြုလုပ်ရန်၊

(၇) ဆူညံသံများအား အနိမ့်ဆုံးအဆင့်ထိ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကိုဆောက်လုပ်ရေးလုပ်သားများအား သင်ကြားပြသပေးရန်၊

(၈) ဖျက်သိမ်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းမပြုမီ ဒေသခံများနှင့် ညှိနှိုင်း၍အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားရန်၊

(၉) ဆူညံသံ၊ တုန်ခါမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသော စံနှုန်းများအား လိုက်နာဆောင်ရွက်သွားရန်။

(ဇ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) တည်ဆောက်ရေးကာလတွင် လုပ်ငန်းမှထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများနှင့်အသုံးမလိုသည့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျသိမ်းဆည်းပြီး ပြန်လည်အသုံးပြုရန်၊

(၂) ကွန်ကရစ်အပိုင်းအစများကိုသတ်မှတ်ထားရှိသောနေရာတွင်စွန့်ပစ်စေရန်၊

(၃) အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သီးခြားစီသိမ်းဆည်းခြင်းနှင့် စနစ်တကျ စီမံထားရှိရန်၊

(၄) ပုံမှန်စွန့်ပစ်ပစ္စည်းများကို နိုင်ငံအဆင့်လမ်းညွှန်ချက်များနှင့်အညီ စွန့်ပစ်ဆောင်ရွက်ရန်၊

(၅) စွန့်ပစ်ပစ္စည်းများကို ချေဖျက်ခြင်းနှင့် စွန့်ပစ်ခြင်းအတွက် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများ ပြုလုပ်ရန်၊

(၆) ဆောက်လုပ်ရေးလုပ်သားများနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းများ၏ နေ့စဉ်အသုံးပြုမှုမှ ထွက်ပေါ်လာသော စွန့်ပစ်အမှိုက်များကို အမှိုက်ပုံးများတွင် စနစ်တကျစွန့်ပစ်ရန်၊

(၇) အဆိုပါစွန့်ပစ်ပစ္စည်းများအနက် မီးဖိုချောင်သုံး စွန့်ပစ်ပစ္စည်းများကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်စွန့်ပစ်ရန်နှင့် ပြန်လည်အသုံးပြု၍ရသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန်။

(ဈ) **ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ်။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်တွင် တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများ အလုံအလောက်ထားရှိရန်၊

(၂) တစ်ကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများ အပြည့်အစုံ ဝတ်ဆင်ခြင်း မရှိလျှင် လုပ်ငန်းခွင်သို့ ဝင်ရောက်လုပ်ကိုင်ခွင့်မပြုရန်၊

(၃) လုပ်ငန်းခွင်ဆိုင်ရာ ထိခိုက်ဒဏ်ရာများ၊ ဖျားနာမှု၊ အမြင့်မှ ပြုတ်ကျခြင်းနှင့် မီးဘေးမတော်တဆဖြစ်မှုများ လျော့နည်းစေရေး ကျန်းမာရေးနှင့် ဘေးကင်းရေးသင်တန်းများ ပုံမှန်ပို့ချပေးရန်၊ အမြင့်မှ ပြုတ်ကျခြင်းကို ကာကွယ်သည့်လုပ်ဆောင်မှုများထားရှိရန်နှင့် (၆) ပေအထက်တွင် အလုပ်လုပ်သော ဝန်ထမ်းများအတွက် Safety Belt များတပ်ဆင်ရန်၊ အလုပ်နှင့်ပတ်သက်သည့် မတော်တဆဖြစ်မှုများနှင့်ပတ်သက်၍ သတင်းပို့စနစ်ထားရှိရန်နှင့် ဒဏ်ရာရ အလုပ်သမားအား သင့်လျော်သော ဆေးခန်းတွင် ချက်ချင်းဆေးကုသမှု ဆောင်ရွက်ရန်၊ ဝန်ထမ်းများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရန်၊ ဆေးကုသမှုမှတ်တမ်းများ တင်ပြခြင်းဖြင့် ဆေးခွင့်များခံစားခွင့်ရှိစေရန်၊ အရေးပေါ်အခြေအနေ ဖြစ်ပွားလာပါက ဘေးအန္တရာယ်ကင်းရှင်းသော စုရပ်နေရာတွင် စုဝေးစေရန်၊ တာဝန်ရှိသူများမှ လူအရေအတွက်မှတ်သားထားခြင်းနှင့်နီးစပ်ရာမီးသတ်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်ဆောင်ရွက်ရန်၊

(၄) အပူဒဏ်ကြောင့်ဖြစ်ပေါ်သည့် စိတ်ဖိစီးမှုများ၊ Covid-19နှင့် အခြားကူးစက်ပျံ့နှံ့တတ် သောရောဂါလက္ခဏာများနှင့်ပတ်သက်၍ အရိပ်ရသည့်နေရာတွင် ပုံမှန်နားနေချိန်များ သတ်မှတ်ဖန်တီးပေးရန်၊ အချိန်အတော်ကြာ နေပူဒဏ်ထိတွေ့မှုကို ကန့်သတ်ထားရှိရန်၊ အပူဒဏ်ကြောင့် ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုနှင့် ကုသရေးဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(၅) ဒေသဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၆) ကူးစက်ရောဂါအကြောင်းကို ဝန်ထမ်းအားလုံးအား အသိပညာပေးမှုများ ပြုလုပ်ရန်။

(ည) **ဘေးအန္တရာယ်စီမံခန့်ခွဲမှု။** အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ သင်တန်းများပေးရန်၊

(၂) ဘေးအန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများကို ထောက်ပံ့ထားရှိပေးရန်၊

(၃) ပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်းများအတွက်ဘေးကင်းသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်ရန်နှင့် ကောင်းမွန်သည့် ဆက်သွယ်ရေးစနစ်နှင့် ရှင်းလင်းသော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်၊

(၄) စက်ယန္တရားများနှင့်ယာဉ်များကို ပုံမှန်စစ်ဆေးပေးခြင်း၊ ဆန်းစစ်ပေးခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ပေးရန်၊

(၅) အရေးပေါ်ကယ်ဆယ်ရေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ သင်တန်းများ ပြုလုပ်ပေးရန်၊

(၆) မီးငြိမ်းသတ်ရေး၊ ရေကြီးခြင်းနှင့် မြေလျောင်စသည့် သဘာဝဘေးအန္တရာယ်များအတွက် လိုအပ်သည့်သင်တန်းများ ပို့ချပေးရန်။

(ဋ) **ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) ပေါက်ရောက်လေ့ရှိသော သစ်ပင်များနှင့် တန်ဖိုးရှိ တိရစ္ဆာန်များ၏ မျိုးစိတ်အမည်များကို ကြိုတင်ဆန်းစစ်လေ့လာရန်နှင့် မှတ်တမ်းတင်ရန်၊

(ခ) သစ်ပင်များနှင့် အပင်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရန် တတ်နိုင်သမျှထိန်းသိမ်းကာကွယ်ပြီး အခြားနေရာများတွင် ပြန်လည်စိုက်ပျိုးရန်၊

(ဂ) အပေါ်ယံမြေဆီလွှာများကို စိမ်းလန်းသောနေရာတွင် ပြန်လည်အသုံးပြုရန်အတွက် သိမ်းဆည်းရန်၊

(ဃ) စီမံကိန်းဆောင်ရွက်သည့်နယ်မြေနှင့် အနီးတစ်ဝိုက်တွင် တောရိုင်းတိရစ္ဆာန်များအတွက် လျှောက်လမ်းများ ထားရှိရန်။

(ဌ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးတိုင်းတာရာတွင် စီမံကိန်းဧရိယာအတွင်း CO, $SO_2$, $NO_2$, $PM_{10}$, $PM_{2.5}$စသည့် Parameter များအား တိုင်းတာသွားရန်၊

(၂) ရေအရည်အသွေးတိုင်းတာရာတွင် စီမံကိန်းဧရိယာအတွင်း pH, Total Suspended Solids, Total Phosphorous, BOD, COD, Oil & Greaseနှင့် Total Nitrogen စသည့် Parameter များအား တိုင်းတာသွားရန်၊

(ဍ) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့်စောင့်ကြပ်ကြည့်ရှုခြင်း အစီအစဉ်အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဎ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဏ) **လူမှုတာဝန်သိအစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒေသခံလူထုများအကြား လူမှုရေးဆိုင်ရာ တင်းမာမှုများ ပဋိပက္ခများဖြစ်ပေါ်ခြင်းများ လျော့နည်းစေရန် ဒေသခံအလုပ်သမားများငှားရမ်းခြင်းကို အားပေးခြင်းနှင့် ကန်ထရိုက်တာများမှ ဒေသခံများအား ငှားရမ်းဆောင်ရွက်ရေးကို ထည့်သွင်းစဉ်းစားရန်၊ အလုပ်သမားများအတွက် တန်းလျားများ တည်ဆောက်၍ ထားရှိရန်၊ အချိန်အကန့်အသတ်ဖြင့် လည်ပတ်သွားလာခွင့်ပြုရန်၊ လုပ်ငန်းပတ်ဝန်းကျင်အခြေအနေများကို သိရှိစေရန် ကန်ထရိုက်တာများသည် ဒေသခံရပ်ရွာလူထုနှင့် ဆက်သွယ်၍ စိုးရိမ်ပူပန်မှုများကို ပူးပေါင်းအဖြေရှာရန်၊ ဒေသခံများနှင့်ပတ်သက်၍ လူမှုရေးပဋိပက္ခများအား ချက်ချင်းအစီရင်ခံတင်ပြပြီး ဖြေရှင်းဆောင်ရွက်ရန်၊

(၂) မသန်စွမ်းသူများအား ယင်းတို့၏ ကျွမ်းကျင်မှုအလိုက်အလုပ်များကို လုပ်ကိုင်ရေးကို အားပေးရန်၊

(၃) လုပ်ခနှုန်းထားများအား ကျား/ မ ခွဲခြား၍ သတ်မှတ်ပေးခြင်းကို တင်းကျပ်စွာတားမြစ်ထားရန်၊ အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူရည်တူ လုပ်ခလစာနှုန်းထားများ ခံစားပိုင်ခွင့်ရှိသည်ဟူသော အချက်ကို အလေးအနက်ထား ဆောင်ရွက်ရန်၊

(၄) အလုပ်သမားဆိုင်ရာ စည်းမျဉ်းများနှင့်အညီ အချိန်ပိုလုပ်ခလစာများကို သတ်မှတ်ပေးရန်၊

(၅) နေ့စားလုပ်သားများနှင့် မန်နေဂျာအဆင့် ဝန်ထမ်းများကို ရွေးချယ်ရာတွင် ဒေသခံနှင့် ရွှေ့ပြောင်းလုပ်သားများအကြား အရည်အချင်း တူညီနေပါက ဒေသခံအလုပ်သမားများကို ဦးစားပေးရွေးချယ်ရန်၊

(၆) ဒေသခံလူငယ်များအား လိုအပ်သော ကျွမ်းကျင်မှုရှိစေရန် သင်တန်းများ ပို့ချ သင်ကြားရန်၊

(၇) ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် ဒေသန္တရအုပ်ချုပ်ရေး (သို့မဟုတ်) ကျေးရွာအုပ်ချုပ်ရေးအာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(၈) ဒေသခံများနှင့် ရွှေ့ပြောင်းလုပ်သားများအတွက် တူညီသောလစာပေးရန်။

(တ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါ ကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လိုလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်နှင့် လူမှုစီးပွားစီမံခန့်ခွဲမှု အစီအစဉ်တွင် တံတားလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် လျှော့ချမည့်အစီအစဉ် အတွက် ခန့်မှန်းအသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ (၁၄၀၀၀) အသုံးပြုရန်၊

(၂) ပတ်ဝန်းကျင်စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်တွင် တံတားလုပ်ငန်း ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများအပေါ် လျှော့ချမည့် အစီအစဉ်၊ အကြိမ်ရေ၊ နေရာ၊ အဖွဲ့အစည်း၊ စောင့်ကြပ်ကြည့်ရှုမည့် Parameter တို့အတွက် ခန့်မှန်းအသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာ (၁၇၅၀၀) အသုံးပြုရန်။

**ပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။** အမျိုးသား ပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှု ဆိုင်ရာ ပင်မလုပ်ငန်းစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာ နှင့် ပင်မလုပ်ငန်းအစီအစဉ်တို့နှင့် စပ်လျဉ်း၍ တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက် ရမည်-

၂၅

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ စီမံကိန်းကတိကဝတ်အားလုံးနှင့် စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကိုဆောင်ရွက်ပေးသူကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများအားလုံးသည် စီမံကိန်းအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်နှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေး အတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ်အကြေးများ၊ ဓါတုဗေဒစွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လေဟာပြင် မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရန်၊

ညာ

(ခခ) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်း စုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ် ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ် ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှု စစ်ဆေးနိုင် ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာမှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်း များအား ဘေးကင်းစွာ စွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ် လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ်တည်ဆောက်ခြင်းအားဖြင့်ကမ္ဘာလှည့်ခရီးသည် များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်၊

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်း ရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက် နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

ျပ

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၈ ပါ Parameter များ တိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်၊

(ဂ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းချက်များ။** ဇီဝမျိုးစုံမျိုးကွဲများစီမံခန့်ခွဲရေးဆိုင်ရာ စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ တားမြစ်ထားသည့် ဇီဝမျိုးစုံမျိုးကွဲများအား ရောင်းချခြင်း၊ အရိပ်ရရှိရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် အပင်နှင့် ပန်းအလှပင်များ စိုက်ပျိုးရာတွင် ဒေသ၏ဂေဟစနစ်ကို အထောက်အပံ့ပေးနိုင်သည့် ဒေသမျိုးရင်းပင်များကို ရွေးချယ်စိုက်ပျိုးရမည်။

(ဃ) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့်ဝန်ထမ်းများ၏ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၃) သဘာဝဘေးအန္တရာယ်များဖြစ်သည့် လျှောင်လှုပ်ခြင်း၊ မြေပြိုခြင်းနှင့် ရေကြီးခြင်းများအတွက် လုပ်ငန်းခွင်အစီအမံများထားရှိဆောင်ရွက်ရန်။

(င) **ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(စ) လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာစည်ကမ်းချက်များ။ လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် –

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါက စီမံကိန်းဧရိယာအတွင်း တည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေး ပေးချေခြင်း၊ သင့်လျော်သည့်လုပ်ငန်းသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(ဆ) အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်ကမ်းချက်များ။ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်–

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြားလုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန်

လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြား အကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာသည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤ ECC နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများ ပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်းအစီအစဉ်များကို ကနဦး တင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာစည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/ မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များ ကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊

ညှ

အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ည) အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။ စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဋ) စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။ စောင့်ကြပ်ကြည့်ရှုမှု အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့ စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်

ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများ အားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင် ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့်ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာ စုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကို ရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့်အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျီတယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျီတယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့်သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ပေးပို့ရန်၊

၂၅

(ဖ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှ ဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်မဆို ဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေးခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများ ရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျီတယ် စာတွဲများအပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့် မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(ဌ) ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။ ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ တစ်ဖက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့်သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်း မရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှလိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန်တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့် ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ်အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန်ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို မူလအတည်ပြုခဲ့သည့် အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်နှင့်စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---